ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိကောက်ယူရရှိထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုအချက်အလက်များအစီရင်ခံစာ

**၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်**

## ၁။ အစီရင်ခံစာ အကျဉ်းချုပ်

၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေများကို လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက စုဆောင်းကောက်ယူခဲ့ပါသည်။ ထိုသို့ ကောက်ယူရာတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး ခိုင်မာသည့် သတင်းမီဒီယာများကို စောင့်ကြည့်လေ့လာမှု၊ Online Monitoring တို့မှတဆင့် လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်ရပ်ပေါင်း **(၄၆၅၆)ခု** တို့ကို ကောက်ယူရရှိခဲ့ပြီး၊ မြေပြင်အခြေအနေနှင့် ဆန်းစစ်အတည်ပြုနိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ် စုစုပေါင်း **(၆၅၇)ခု** ကို မှတ်တမ်းတင်သိမ်းဆည်းထားနိုင်ခဲ့သည်။ ထိုဖြစ်ရပ်များထဲမှ အင်တာဗျူး၊ ဓာတ်ပုံမှတ်တမ်း များအပါအဝင် အချက်အလက်များရရှိပြီး မှန်ကန်ကြောင်းခိုင်မာစွာအတည်ပြု နိုင်ခဲ့သည့် ဖြစ်စဉ်ပေါင်း **(၃၂၂)ခု** ရှိခဲ့သည်။ IIMM နှင့် နိုင်ငံတကာသို့ ဖြစ်စဉ် **(၁၆၅)ခု** ပေးပို့နိုင်ခဲ့သည်။

**၂၀၂၃ ခုနှစ် အတွင်း စုဆောင်း၊ အတည်ပြု၊ သက်သေခိုင်လုံ၊ IIMM သို့ပေးပို့နိုင်သော ကေ့စ်အရေအတွက်များ**



အတည်ပြုနိုင်သည့် အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်ခံမှုများတွင် ကျူးလွန်မှုအများဆုံးမှာ ဥပဒေမဲ့သတ်ဖြတ်ခြင်း အမျိုးအစားဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၃ ခုနှစ် အတွင်းအကြမ်းဖက်စစ်အုပ်စုကကျူးလွန်ခဲ့သည့် ဥပဒေမဲ့သတ်ဖြတ်မှုပေါင်း (၈၆) မှုကို စုဆောင်းမှတ်တမ်းတင်နိုင်ခဲ့သည်။ အရပ်သားပြည်သူများ သတ်ဖြတ်ခံရသည့် အကြောင်းများတွင် လေကြောင်းမှတိုက်ခိုက်ခံရခြင်း၊ တိုက်ပွဲဖြစ်ပွါးခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်ခံရခြင်း၊ အကြောင်းမဲ့ပစ်သတ်ခြင်း၊ မီးရှို့သတ်ဖြတ်ခံရခြင်းတို့ကို လေ့လာတွေ့ရှိရသည်။ ဥပဒေမဲ့သတ်ဖြတ်မှုကြောင့် သေဆုံးသူအရပ်သားဦးရေ (၁၃၄၂) ဦးရှိခဲ့ကြောင်း လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက မှတ်တမ်းပြုစုထားရှိနိုင်ခဲ့ပါသည်။

တနိုင်ငံလုံးအတိုင်းအတာအနေဖြင့် ယခုနှစ်အတွင်း စစ်ကိုင်းတိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးဖြစ်ခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း (၃၃၄)ခုကို လက်ခံရရှိခဲ့ပြီး (၁၇၉)ခုကို မြေပြင်နှင့် ချိတ်ဆက်အတည်ပြုနိုင်ခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်း အများဆုံးချိုးဖောက်ခံရသည့် ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်း၊ ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် တရားလက်လွတ်ချုပ်နှောင်ခြင်း စသည့် ချိုးဖောက်မှုများကို ဓါတ်ပုံမှတ်တမ်း၊ အင်တာဗျူးမှတ်တမ်းနှင့်အတူ ကောက်ယူစုဆောင်းနိုင်ခဲ့ပါသည်။

## ၂။ အတည်ပြုနိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ



၂၀၂၃ခုနှစ်အတွင်း အကြမ်းဖက်စစ်အုပ်စုကကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဥ်များတွင် အများဆုံးကျူးလွန်ခဲ့သော အမျိုးအစားများတွင် ဥပဒေမဲ့သတ်ဖြတ်ခြင်းဖြစ်စဥ်ပေါင်း (၃၀၄)ခု ရှိခဲ့ပြီး (၁၇၅)ခုမှာ စစ်ကိုင်းတိုင်းအတွင်း ကျူးလွန်ခဲ့ကြောင်း တွေ့ရပါသည်။ ဒုတိယအများဆုံး ဖြစ်စဥ်အမျိုးအစားမှာ ပြည်သူပိုင်ပစ္စည်းများဖျက်ဆီးခြင်းဖြစ်ပြီး ကျူးလွန်မှုပေါင်း (၁၃၉) ခုကို အတည်ပြုနိုင်ခဲ့သည်။ ထို့အပြင် တရားလက်လွတ်ချုပ်နှောင်ခြင်း၊ မတရားဖမ်းဆီးခြင်းတို့အပါအဝင် အခြားချိုးဖောက်မှုများစွာကိုလည်း ကျူးလွန်ခဲ့ကြသည်။

## ၃။ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း ဖြစ်စဥ်များ

၂၀၂၃ခုနှစ်အတွင်း အရပ်သားပြည်သူ ငါးဦးနှင့်အထက် သတ်ဖြတ်ခံရသည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်စဥ်ပေါင်း (၈၆) ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်း အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။ အစုလိုက်အပြုံလိုက်သေဆုံးခဲ့သည့်ဖြစ်စဥ်များအနက် ၂၀၂၃ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့၊ မနက်(၇)နာရီ၊ (၄၅)မိနစ်အချိန်ခန့်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ မလယ်တိုက်နယ်၊ ပဇီကြီးကျေးရွာလေကြောင်းတိုက်ခိုက်ခံရသည့် ဖြစ်စဥ်မှာ အဆိုးရွားဆုံး ဖြစ်ခဲ့ပြီး သေဆုံးသူ အပြစ်မဲ့ပြည်သူ (၁၅၇)ဦး ရှိခဲ့သည်။ ဒုတိယ အဆိုးရွားဆုံးဖြစ်စဥ်မှာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့၊ ည (၁၁) နာရီ (၂၅) မိနစ်မှ အောက်တိုဘာလ (၁၀) ရက်နေ့ မနက် (၁)နာရီအထိ ကချင်ပြည်နယ်၊ KIA ဌာနချုပ်ရှိရာ လိုင်ဇာမြို့နှင့် ၂မိုင်ကျော်ဝေးသည့် မုန်လိုင်ခက်ရွာနှင့် စစ်ရှောင်စခန်း (၂) နေရာအား အကြောင်းမဲ့ ပစ်ခတ်ခဲ့သည့်ဖြစ်စဥ်ဖြစ်ပြီး သေဆုံးသူဦးရေ (၃၀) ရှိခဲ့သည်။ ၎င်းအဆိုးရွားဆုံးဖြစ်စဥ်များအတွင်း သေဆုံးသူများထဲတွင် အသက် (၁၈) နှစ် မပြည့်သေးသော ကလေးသူငယ်များလည်း ပါဝင်ခဲ့သည်ကိုတွေ့ရှိရပြီး စာသင်ကျောင်းများနှင့် ဘုရားကျောင်းတို့လည်း ပျက်စီးခဲ့သည့်အပြင် အိုးအိမ်များလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

၂၀၂၃ခုနှစ်အတွင်း အစုလိုက် အပြုံလိုက်သတ်ဖြတ်ခံရသည့် ဖြစ်စဥ်နှင့် လူဦးရေပြပုံ




၄

၂၀၂၃ခုနှစ်အတွင်း တိုင်းနှင့်ပြည်နယ်အလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရသည့် အခြေအနေများကို ရရှိထားသည့်အချက်အလက်များအရ နှိုင်းယှဉ်လေ့လာကြည့်ရာ စစ်ကိုင်းတိုင်းအတွင်းတွင် ချိုးဖောက်ခံရမှု ဖြစ်စဉ် (၃၃၄) ခုရှိပြီး အများဆုံး ချိုးဖောက်ခံရသော ဒေသဖြစ်သည်။ မကွေးတိုင်းတွင် ဖြစ်စဉ် (၉၈)ခုဖြင့် ဒုတိယ အများဆုံးချိုးဖောက်ခံခဲ့ရပြီး မန္တလေးတိုင်းတွင် ဖြစ်စဉ်(၇၂)ခုဖြင့် တတိယ အများဆုံးချိုးဖောက်ခံခဲ့ရသည်။ ပဲခူးတိုင်းတွင် ဖြစ်စဉ် (၂၉)ခု၊ ရန်ကုန်တိုင်းတွင်ဖြစ်စဉ် (၂၃)ခု၊ ချင်းပြည်နယ်တွင် (၂၁)ခု၊ တနင်္သာရီတိုင်းတွင် (၁၇)ခု၊ ကရင်၊ ကရင်နီ နှင့် ရှမ်းပြည်နယ်တို့တွင် (၁၁)ခုစီ၊ ကချင်နှင့် ရခိုင်ပြည်နယ်တို့တွင် (၁၀)ခုစီ၊ မွန်ပြည်နယ်တွင် (၇)ခု၊ ဧရာဝတီတိုင်းတွင် (၂)ခုနှင့် နေပြည်တော်တွင် (၁)ခုစီ အသီးသီး အတည်ပြုမှတ်တမ်း ရယူနိုင်ခဲ့သည်။

၂၀၂၃ခုနှစ်အတွင်း တိုင်းနှင့် ပြည်နယ်အလိုက် ချိုးဖောက်ခံရမှုများ




## ၅။ လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် အရပ်သားပြည်သူများ

၂၀၂၃ခုနှစ်အတွင်း လက်နက်မဲ့ပြည်သူများထဲမှ လူ့အခွင့်အရေးချိုးဖောက်ခံရသူ ဦးရေ (၂၁၃၃) ဦးကို မှတ်တမ်းပြုစုနိုင်ခဲ့ပြီး ၎င်းတို့သည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ပုံစံမျိုးစုံဖြင့် ကာကွယ်မှုမဲ့စွာ ခံစားနေရသည်။ မတရားသတ်ဖြတ်ခြင်းခံရခြင်းကြောင့် သေဆုံးရသူအများဆုံးဖြစ်ပြီး (၁၃၄၂) ဦးထိ မှတ်တမ်းရယူနိုင်ခဲ့သည်။ အသက်ဆုံးရှုံးသည့် အထိ လူ့အခွင့်အရေး ချိုးဖောက်ခံရသူဦးရေ (၁၃၄၂)ဦးကို လိင်အမျိုးအစားပေါ်မူတည်၍ လေ့လာရာတွင် ကျူးလွန်ခံရသူအများစုမှာ အမျိုးသားများ ဖြစ်ကြောင်းတွေ့ရပြီး စုစုပေါင်း၏ (၆၅.၄) ရာခိုင်နှုန်းရှိပါသည်။ အမျိုးသားဦးရေ (၈၇၇)ဦး၊ အမျိုးသမီးဦးရေ (၂၅၁)ဦး၊

(၁၈)နှစ်အောက် ယောကျ်ားလေး (၁၀၈)ဦး၊ (၁၈)နှစ်အောက် မိန်းကလေး (၆၄)ဦးနှင့် ခွဲခြားမရသူ (၄၂)ဦးတို့အား မှတ်တမ်း ပြုစုနိုင်ခဲ့ပါသည်။




တိုင်းနှင့်ပြည်နယ်အသီးသီးတို့၌ ၂၀၂၃ခုနှစ်အတွင်း မှတ်တမ်းပြုစုနိုင်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်အရ ချိုးဖောက်ခံရသူအရေအတွက်အများဆုံးဒေသမှာ စစ်ကိုင်းတိုင်း အတွင်းတွင် ဖြစ်သည်။ စစ်ကိုင်းတိုင်းတွင် (၁၀၂၅) ဦး၊ မကွေးတိုင်းတွင် (၂၅၄)ဦး၊ မန္တလေးတိုင်း တွင် (၁၇၈)ဦး၊ ပဲခူးတိုင်းတွင် (၁၃၆)ဦး၊ တနင်္သာရီတိုင်းတွင် (၁၁၁)ဦး၊ ချင်းပြည်နယ်တွင် (၁၀၇)ဦး၊ ကရင်ပြည်နယ်တွင် (၆၀)ဦး၊ မွန်ပြည်နယ်တွင် (၅၀)ဦး၊ ရန်ကုန်တိုင်းတွင် (၄၉)ဦး၊ ရခိုင်ပြည်နယ်တွင် (၄၇)ဦး၊ ကချင်ပြည်နယ်တွင် (၄၅)ဦး၊ ရှမ်းပြည်နယ်တွင် (၄၁)ဦး၊ ကရင်နီ ပြည်နယ်တွင် (၂၀)ဦး၊ ဧရာဝတီတိုင်းတွင် (၈)ဦးနှင့် နေပြည်တော်တွင် (၂)ဦး တို့သည် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရကြောင်း သက်သေများဖြင့် မှတ်တမ်းပြုစုနိုင်ခဲ့သည်။

**လူ့အခွင့်အရေးချိုးဖောက်ခံရသော အရပ်သားပြည်သူများ အရေအတွက် (ဒေသအလိုက်)**




လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား လိင်အမျိုးအစားအရ ခွဲခြားရာတွင် ကျူးလွန်ခံရသူ၏ (၆၀.၇) ရာခိုင်နှုနးမှာ အရွယ်ရောက်ပြီး အမျိုးသားများဖြစ်ကြပြီး (၂၀.၈) ရာခိုင်နှုန်းမှာ အရွယ်ရောက်ပြီး အမျိုးသမီးများ ဖြစ်သည်ကို တွေ့ရသည်။ အမျိုးသားဦးရေ (၁၂၉၄)ဦး၊ အမျိုးသမီးဦးရေ (၄၄၄)ဦး၊ (၁၈)နှစ်အောက်ယောကျ်ားလေး (၂၁၅)ဦး၊ (၁၈) နှစ်အောက် မိန်းကလေး (၁၁၃)ဦးနှင့် ကျားမခွဲခြားမရသူ (၆၇)ဦးတို့အား လူ့အခွင့်အရေးချိုးဖောက်ခံရသူများအဖြစ် မှတ်တမ်းပြုစုနိုင်ခဲ့ကြောင်း တွေ့ရသည်။

**လူ့အခွင့်အရေးချိုးဖောက်ခံရသူများ (ကျား/မအလိုက်)**



၂၀၂၃ခုနှစ်အတွင်း မှတ်တမ်းပြုစုနိုင်သော အသက်အရွယ်အပိုင်းအခြားအလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ အခြေအနေများမှာ အသက်(၁၈)နှစ်အောက် (၃၂၉) ဦး၊ အသက် (၁၉)နှစ်မှ (၃၅)ကြား (၆၀၁) ဦး၊ အသက် (၃၆)နှစ်မှ (၆၀)ကြား (၆၄၇) ဦး၊ အသက် (၆၀)ကျော် (၁၈၆) ဦးနှင့် အသက်အရွယ် ခွဲခြားမရနိုင်သူ (၃၇၀) ဦးတို့ ဖြစ်ပါသည်။ အရွယ်မရောက်သေးသူဦးရေမှာ (၁၅.၄)ရာခိုင်နှုန်းထိ ကျူးလွန်ခံခဲ့ရကြောင်း မှတ်တမ်းအရ သိရှိနိုင်သည်။

**လူ့အခွင့်အရေးချိုးဖောက်ခံရသူများ (အသက်အရွယ်အလိုက်)**




## ၆။ ၁၀၂၇ စစ်ဆင်ရေး

၁၀၂၇ စစ်ဆင်ရေး စတင်ခဲ့သည့် အောက်တိုဘာလ (၂၇) ရက်နေ့ နောက်ပိုင်းမှ စတင်ကာ အကြမ်းဖက်စစ်အုပ်စုသည် ပြည်သူများအပေါ် တိုက်ခိုက်မှုများ ပိုမိုကျူးလွန်လာခဲ့သည်ကို တွေ့ရပါသည်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း ဒေသများတွင် အရပ်သားပြည်သူများကို ပစ်မှတ်ထား၍ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားပြည်သူများအား အကြောင်းမဲ့ပစ်ခတ်ခြင်း စသည်တို့ကို ပေါ်ပေါ်ထင်ထင် ကျူးလွန်ခဲ့ကြရာ ၎င်းတို့၏ ရက်စက်စွာ ကျူးလွန်မှုများအား အောက်ပါအတိုင်း ကောက်ယူရရှိခဲ့သည်။ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်း (၂၅၀)ကြိမ်၊ လက်နက်ကြီး/မြေမြှုပ်ဗုံး များဖြင့် တိုက်ခိုက်ခဲ့ခြင်း (၂၃၃) ကြိမ်၊ သေနတ်ဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ခြင်း (၃၂) ကြိမ်၊ ပြည်သူပိုင် နေအိမ်/ဆိုင်ခန်းနှင့် ပစ္စည်းများအား ဖောက်ထွင်းလုယူခြင်း (၁၉) ကြိမ်၊ မီးရှို့ခဲ့ခြင်း (၃၆) ကြိမ်နှင့် အကြောင်းပြချက်မရှိဘဲ အရပ်သားပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ စစ်ကြောင်းထိုးနေချိန်အတွင်း လမ်းပေါ်ရှိ ပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း စသည့် အခြားဖြစ်စဉ်ပေါင်း (၈၂) ကြိမ် ကျူးလွန်ခဲ့သည်ကို မှတ်တမ်းပြုစုရရှိခဲ့ပါသည်။

**၁၀၂၇ စစ်ဆင်ရေး နောက်ပိုင်း အရပ်သား ထိခိုက်စေမှုများ**




### ၇။ IIMM သို့ ပေးပို့နိုင်မှု အခြေအနေ

ယခုကဲ့သို့ အကြမ်းဖက်စစ်အုပ်စု၏ ချိုးဖောက်မှု ဖြစ်စဉ်များအား အပြည်ပြည်ဆိုင်ရာ ခုံရုံးများတွင် တရားဆွဲနိုင်ရန်အတွက် ကြိုးစားလျက်ရှိရာ ယခုနှစ်အတွင်း အင်တာဗျူးသက်သေ၊ ဓါတ်ပုံသက်သေ စသည့်အထောက်အထား ပြည့်စုံခိုင်မာသော ဖြစ်စဉ်ပေါင်း (၁၆၅)ခုကို IIMM သို့ သက်သေအထောက်အထားများနှင့်တကွ ပေးပို့နိုင်ခဲ့သည်။ ဆိုးရွားရက်စက်သည့် ဥပဒေမဲ့ သတ်ဖြတ်ခြင်းဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး ဖြစ်စဉ်ပေါင်း (၁၁၇)ခုကို ပေးပို့နိုင်ခဲ့သည်။ လူ့အခွင့်အရေး အများဆုံးချိုးဖောက်ခံနေရသည့် စစ်ကိုင်းတိုင်းမှ ဖြစ်စဉ်ပေါင်း (၉၇) ခုကို အများဆုံးပေးပို့နိုင်ခဲ့သည်။ ဒုတိယအနေဖြင့် မကွေးတိုင်းမှ ဖြစ်စဉ်ပေါင်း (၂၀) ထိ ပေးပို့နိုင်ခဲ့ပြီး မန္တလေးတိုင်းမှ ဖြစ်စဉ်ပေါင်း (၁၀)ခု ထိ ပေးပို့နိုင်ခဲ့ပါသည်။

**IIMM သို့ပေးပို့ပြီးသော ချိုးဖောက်ခံရမှု ဖြစ်စဉ်များ**




**IIMM သို့ပေးပို့ပြီးသော ချိုးဖောက်ခံရမှု ဖြစ်စဉ်များ (ဒေသအလိုက်)**

